ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**စားသုံးသူရေးရာဦးစီးဌာန**

စာအမှတ်၊ စဥ-၁၇/ပြည်တွင်း/၂၀၂၃(၁၀၉၈)

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၂ ရက်

သို့

နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး

စားသုံးသူရေးရာဦးစီးဌာန

-------------- တိုင်းဒေသကြီး/ပြည်နယ်

အကြောင်းအရာ။ **ဆန်စပါးသိုလှောင်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ - ပုဂ္ဂလိက လုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားရှိမှု အခြေအနေ အကြောင်းကြားခြင်း**

၁။ ပြည်တွင်း စပါးဆန် ဈေးနှုန်း၊ ဈေးကွက် တည်ငြိမ်စေရေးနှင့် ဆန်စပါးလုပ်ကိုင်နေသူများအတွက် ဝန်ထုပ်ဝန်ပိုးနှင့်အန္တရာယ်မဖြစ်စေဘဲ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် ဈေးကစားနေသော၊ အမြတ်များများရလိုမှုဖြင့် သမားရိုးကျရောင်းဝယ်ခြင်းမဟုတ်သော လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရေးအတွက်လည်းကောင်း၊ ဆန်စပါးသိုလှောင်မှုအခြေအနေအား စနစ်တကျ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် **"ဆန်စပါးသိုလှောင်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိက လုပ်ငန်းအဖွဲ့ "** ကို ဖွဲ့စည်းခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မိမိတိုင်းဒေသကြီး/ပြည်တွင်းအတွင်း ဆန်စပါးသိုလှောင်မှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

**ပူးတွဲ - ဖွဲ့စည်းမိန့်**

ညွှန်ကြားရေးမှူးချုပ်( ဆ ဆ )

(ဟန်ဝင်းကျော်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ဝင်စာ
ရက်စွဲ ...12.5.2023......
ဝင်စာအမှတ် ......0561......

D:\MMK (RICE)\2017-2018 Paddy Sar\2023 Sar\Div Letter Rice Store Register Group 12.5.2023.docx

ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒ၊ သတင်းနည်း၊ ပြည်တွင်း)၊စားသုံးသူရေးရာဦးစီးဌာန
အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
လက်ခံ၊ မျှောစာတွဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

စာအမှတ်၊ စက - ၁၄/၂-၃၁/၂၀၂၃ ( ၃၉ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ မေလ ၉ ရက်

အကြောင်းအရာ။ **ဆန်စပါး သိုလှောင်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ - ပုဂ္ဂလိက လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ဆန်စပါးလုပ်ကိုင်နေသူများအနေဖြင့် ဝန်ထုပ်ဝန်ပိုးနှင့် အန္တရာယ်မဖြစ်စေသော လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ အမြတ်များများ ရလိုမှုဖြင့် သမာရိုးကျ မဟုတ်သော ရောင်းဝယ်ခြင်း မဟုတ်သော လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရန်အတွက်လည်းကောင်း ဆန်စပါး သိုလှောင်မှု အခြေအနေအား စနစ်တကျ ဆောင်ရွက်နိုင်ရန် **"ဆန်စပါးသိုလှောင်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိက လုပ်ငန်းအဖွဲ့"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ခေါင်းဆောင်
စားသုံးသူရေးရာဦးစီးဌာန

(ခ) ဥက္ကဋ္ဌ — ဒုတိယအဖွဲ့ခေါင်းဆောင်
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

(ဂ) အုပ်ချုပ်မှုဒါရိုက်တာ — အဖွဲ့ဝင်
မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်

(ဃ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန

(င) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

(စ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း

(ဇ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ဝါးတန်းဆန်စပါးကုန်စည်ဒိုင်

(ဈ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်ရေးမှူး
ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် သုတေသနဌာနခွဲ
စားသုံးသူရေးရာဦးစီးဌာန

(ဋ) တွဲဖက်အထွေထွေအတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

၂။ ဆန်စပါး သိုလှောင်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ - ပုဂ္ဂလိက လုပ်ငန်းအဖွဲ့ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လုပ်ငန်းတည်နေရာ တစ်နေရာတွင် ဆန်တန်ချိန် (၅၀)၊ (၁၀၀၀ အိတ်) နှင့် စပါး တင်း (၅၀၀၀) အထက် သိုလှောင်မှုပမာဏကို မှတ်ပုံတင်ရန် သက်မှတ်ခြင်း၊ ပမာဏပြောင်းလဲခြင်းကို သတင်းပို့သည့်စနစ်ကို ကြပ်မတ် အကောင်အထည်ဖော်ရန်၊

(ခ) မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ထိရောက်စွာ ဆောင်ရွက် နိုင်ရေးအတွက် ICT နှင့် Digital နည်းပညာကို အသုံးပြု၍ အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration) စနစ် ကျင့်သုံးဆောင်ရွက်ရန်၊

(ဂ) မှတ်ပုံတင်လုပ်ငန်း ထိရောက်စေရေး တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စားသုံးသူ ရေးရာဦးစီးဌာနမှတစ်ဆင့် ကြပ်မတ် ဆောင်ရွက်ရန်၊

(ဃ) မှတ်ပုံတင်စနစ်ကို အားလုံးလိုက်ပါ ကျင့်သုံးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) လိုက်နာကျင့်သုံးခြင်းမရှိပါက ဥပဒေနှင့်အညီ ထိန်းကျောင်းကြပ်မတ် အရေးယူ ဆောင်ရွက်ရန်။

ပြည်ထောင်စုဝန်ကြီး ( ကိုယ်စား )
( မင်းမင်း ၊ အမြဲတမ်းအတွင်းဝန် )

မြန်ဝေခြင်း

သက်ဆိုင်သူများ

မိတ္တူကို

စားသုံးသူရေးရာဦးစီးဌာန
မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း
မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း
ဝါးတန်းဆန်စပါးကုန်စည်ဒိုင်
ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်